# မြန်မာနိုင်ငံ၏တိုင်းရင်းသားအရေး ညှိနှိုင်းဆွေးနွေးမှုများဖြင့် အဖြေရှာခြင်းဆီသို့ -

# ကရင်လူထုလက်တွေ့ ရင်ဆိုင်နေရသောအခြေအနေနှင့် ဖြစ်ပေါ်လာနိုင်သောအခွင့်အလမ်း

**စောကပီ***

မကြာသေးခင်တနှစ်လွန်ကာလ ၂၀၁၂ ခု နှစ်ဦးပိုင်းက ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ကရင်ပြည်သူလူထု အသီးသီး၏ နိုင်ငံရေးရည်မှန်းချက်ကို ကိုယ်စားပြုသော ပင်မအဖွဲ့ အစည်းတရပ်အနေဖြင့် သမ္မတကြီး ဦးသိန်းစိန်ခေါင်းဆောင်သော အရပ်သားတပိုင်းအစိုးရ (quasi-civilian government) နှင့် အပစ်အခပ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများစတင်ခဲ့သည်။ ၎င်းညှိနှိုင်းဆွေးနွေးမှုများ၏ အဆုံးရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင်း မတူကွဲပြားသောတိုင်းရင်းသားလူထုတရပ်လုံး မိမိကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူညီတူ အခွင့်အရေးခံစားပိုင်ခွင့်ရှိသည့် ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံထူတောင်နိုင်ရန်ဖြစ်သည်။ ဤကဲ့သို့ အဆုံးရည်မှန်းချက်ကို ဆွတ်ခူးရယူနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများပြန်လည်စတင်ခဲ့ကတည်းက ကေအန်ယူ နှင့် ကရင်တိုင်းရင်းသားတရပ်လုံးအနေနှင့် အစိုးရနှင့် အပြန်အလှန်အလျှော့အတင်းလုပ် ဆွေးနွေး ကြရမည်ကို နားလည် ထားခဲ့ပြီးဖြစ်သည်။ ထို့အပြင် ညှိနှိုင်းဆွေးနွေးမှုများနှင့်ဖြစ်စဉ်သည် ဖြစ်ပေါ်တိုးတက်နေ သော ပြည်တွင်းပြည်ပနိုင်ငံရေးအခင်းအကျင်းနှင့် အားကောင်းသောနိုင်ငံရေးရေစီးကြောင်း၊ ချိန်ခွင်လျှာမျှမှုတို့၏ လွှမ်းမိုးမှု ကိုခံရမည်ဖြစ်သည်ကိုလည်း သဘောပေါက်ထားပြီးဖြစ်သည်။

ယခင်က အစိုးရလက်ထက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့်အကြိမ်ကြိမ်ဆွေးနွေးခဲ့ရာမှာ အောင်မြင်မှုများ မရှိခဲ့ခဲ့လင့်ကစား ယခုနောက်ဆုံးတကြိမ်တွင်ဖြင့် နှစ်ဘက်နိုင်ငံရေးအရဆွေးနွေး မှုများမှတဆင့် ဆယ်စုနှစ်ပေါင်းများဖြစ်ပွားလာခဲ့သော ပြည်တွင်းစစ်များချုပ်ငြိမ်းရေးအတွက် လမ်းကြောင်း တရပ်ပေါ်လာလိမ့်နိုင်ကောင်းလိမ့်မည်ဟု မျှော်လင့်ကြီးစွာ ကရင်တိုင်းရင်း သား အများစုက တတပ်တအား ထောက်ခံအားပေး ခဲ့ကြသည်။ သို့သော်ငြားလည်း တွေ့ဆုံဆွေးနွေးမှုများစတင်ပြီး တနှစ်အကြာ လက်ရှိ ဖြစ်ပေါ်တိုးတက်မှုများအရ ယင်းကဲ့သို့နှစ်ဘက်ကနဦးအပစ်အခတ်ရပ်စဲရေး သဘော တူညီမှုခဲ့မှုများသည် ကရင်ပြည်နယ်တွင်းရှိ မြေပေါ်မြေအောက်သဘာဝသံယံဇာတများကို ဒေသခံပြည် သူလူထုအတွက်မယ်မယ်ရရ အကျိုးခံစားခွင့်မပါပဲ ဥပဒေမဲ့ အကန့်အသတ်မဲ့အလွဲသုံးစားပြုရန် တံခါးများကို ဖွင့်ပေးလိုက်သလို ဖြစ်ခဲ့ပြီ လောဟူ၍ ကရင်ပြည်သူအများစုအကြား စိုးရိမ်ပူပန်မှုများရှိနေကြသည်။ ၎င်းကဲ့သို့ဖြစ်ရပ်များ၏ အကျိုးဆက် ကြောင့် ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ)သည်လည်း ကရင်တိုင်းရင်းသားများ တန်းတူအခွင့်အရေး ရရေးအတွက် နှစ်ပေါင်း ၆၀ ကျော် ခုခံတိုက်ပွဲဝင်လာခဲ့သော သမိုင်းဝင်နိုင်ငံရေးမဏ္ဍိုင်ကြီးအဖြစ်မှ တဘက် စီးပွားရေးအရင်းရှင်ကြီးများ၏ စီးပွားဖက်များထဲက တခုသာသာအဖြစ်သို့ ဆိုက်ရောက်ပြီး ၎င်း၏နိုင်ငံရေး အခန်းဂဏ္ဍတဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားမည်ကို ကရင်ပြည်သူများအကြား တိတ်တခိုးစိုး ရိမ်မှုများ ရှိနေကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့်  တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ၎င်းတို့ အနေနှင့် လက်ရှိ စီးပွားရေး၊  နိုင်ငံရေးနှင့် စစ်ရေးအရ အခွင့်ထူးခံထားသည့်အခြေအနေနှင့် မိမိလက်မိမိခြေအတိုင်း ထိန်းချုပ်ထားနိုင်သည့် အနေအထားကိုဆက်ထိန်းထားနိုင်ရန် မဟာဗျူဟာကျကျဖြင့် အတတ်နိုင်ဆုံးကြိုးစားနေမည်သာပင်ဖြစ်သည်။  အစိုးရနှင့်ကနဦးအပစ်အခတ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း  ကရင်ပြည်နယ်တွင်းတွင်  နှစ်ဘက်ကြားတိုက်ပွဲကြီးကြီးမားမား ဖြစ်ပွားမှုများကိုရှောင်ရှားနိုင်ခဲ့သော်လည်း  မြန်မာအစိုးရတပ်များသည် ကရင်ပြည်နယ်တွင်း ရှိရင်းစွဲ ၎င်းတို့ ၏တပ်စခန်းများကို စားနပ်ရိက္ခာ အပြင်လက်နက်အင်အားတိုးချဲ့ ဖြည့်တင်းမှုများဆက်လက်ရှိနေသည်သာမက  စစ်တပ်စခန်း အသစ်များကိုပါ တိုးချဲ့ တပ်ချလာသည်ကို သိသာထင်ရှားတွေ့ ရှိရသည်။ တနည်းအားဖြင့်ဆိုသော်  မြန်မာအစိုးရအနေနှင့် ကရင်တိုင်းရင်းသားဒေသများတွင်း  ယနေ့ ထက်တိုင်အောင် စစ်ရေးအရပိုမိုခိုင်မာရန် နှင့်နယ်မြေတိုးချဲ့ စိုးမိုးထားနိုင်ရန် ကြိုးစားနေဆဲလောဟု  မေးခွန်းထုတ်စရာ ဖြစ်နေသည်။  အလားတူ ယမန်နှစ်ကတည်းကစတင်၍ ကရင်ပြည်နယ်တွင်း ပြည်တွင်းပြည်ပမှ သဘာဝ သံယံဇာတ တူးဖော်သည့် လုပ်ငန်းများလည်း ဒုနဲ့ ဒေးဆိုသလို အလုအယက်ဝင်ရောက်လာသည်ကို မျက်မြင်ထင်ရှားတွေ့ ရှိရသည်။

တချိန်တည်းတွင် သတိမူစရာတချက်မှာ  အစိုးရအနေနှင့်  မြန်မာပြည်တွင်းရှိတိုင်းရင်းသားလူမျိုးစုအများ လိုလားတောင်းဆိုနေသော မိမိကိုယ်ပိုင်ပြဌာန်းခွင့်ကိုမူ  အလေးအနက်ထား၍ စိတ်ဝင်တစား ဆွေးနွေးလိုကြောင်း လက်ဆုတ်လက်ကိုင်ပြနိုင်သည့်အရိပ်လက္ခာ ထောက်အထားတစုံတရာကိုမျှ လင်းလင်းထင်းထင်း မတွေ့ ရသေးပေ။  ယနေ့ မြန်မာနိုင်ငံတွင်  ယခင်ကကဲ့သို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ထိန်းချုပ်မှုများနှင့်  လူ့ အခွင့် အရေးချိုး ဖောက်မှုများ လျော့နည်းသွားသည်မှန်သော်လည်း  တတိုင်း ပြည်လုံးအတိုင်းအတာနှင့်  အနှစ်သာရရှိသောထာဝရ ငြိမ်းချမ်းရေးကိုဦးတည်စေမည့်  စစ်မှန်သည့်ပြုပြင် ပြောင်းလဲမှု အသွင်ဆောင်သော နိုင်ငံရေးစနစ်တရပ်ပေါ် ပေါက်ရန်အလားအလာကား  မသေချာပဲ  ဝေဝါးနေဆဲပင်ဖြစ်သည်။ ဤသည်ကား ကျွန်ုပ်တို့  အားလုံးယနေ့ ကြုံတွေ့နေရသည့် ပကတိအခြေအနေမှန်ဟု ဆိုလျှင်မမှား နိုင်ပေ။ မည်သို့ ပင်ဖြစ်စေကာမူ  လက်ရှိအခြေအနေမှ ကျွန်ုပ်တို့ ရှေ့ ဆက်မည်သို့ ခရီးနှင်၍ ဘာဆက်လုပ်ကြမည်နည်း။   ကျွန်ုပ်တို့ အားလုံးအနေနှင့် လက်ဝယ်ရှိနေသော မျှော်လင့်ချက်များကို အဆုံးအရှုံးမခံနိုင်သကဲ့သို့   တချိန်ထဲတွင် ကျွန်ုပ်တို့ အားလုံးဂဏ္ဍာအသီးသီးမှကြိုးပမ်းအားထုတ်နေမှုတို့ မှတဆင့် တိုင်းရင်းသားပြည်သူအများအတွက် လက်တွေ့ ကျကျအကျိုးရှိနိုင်မည့်နည်းလမ်းများကို  အတူတကွ လက်တွဲအကြံထုတ်ဖော်ဆောင်ရန် အင်မတန်အရေးကြီးလှပေသည်။

လတ်တလောအနေအထားတွင်  မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများအနေနှင့်  မျက်မောက်မြန်မာ့နိုင်ငံရေး နယ်ပယ်တွင် တတ်နိုင်သမျှ ပိုမိုကျယ်ပြန့် စွာနှင့် ထဲထဲဝင်ဝင် တက်တက်ကြွကြွပါဝင်ကြရန် အရေးကြီးသည်။  သို့ ပြုရာတွင် မိမိသက်ဆိုင်ရာပြည်သူအများကို နိုင်ငံရေးအသိနှင့် နိုးကြားမှုများရှိအောင် အားပေးခြင်း၊  တိုင်းရင်းသားအချင်းချင်းကြား နိုင်ငံရေး အရလက်တွဲပူးပေါင်းဆောင်ရွက်ခြင်းနှင့်

မိမိ၏ကာကွယ်ရေး၊ လုံခြုံရေးအတွက် မိမိဆက်လက်တာဝန်ယူမှုကို  ဆက်လက်ထိန်းထားခြင်းတို့ ကို တပြိုင်တည်းဆိုသလို ဆောင်ရွက်ကြရန်လိုအပ်ပေသည်။  ကရင်တိုင်းရင်းသားများ၏အရေးကိုကြည့်လျှင် ကေအန်ယူအနေနှင့်  အပစ်အခပ်ရပ်စဲမှုစကားဝိုင်းများမှသည်  လေးနက်၍အနှစ်သာရရှိသောသောနိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုများ ပေါ်ထွန်းလာသည်အထိအောင်  အစိုးရတွင်း အပြောင်းအလဲကိုလိုလားသော အစိတ်အပိုင်းများနှင့် ထိတွေ့ ဆက်ဆံခြင်းများဆက်လက်ဆောင်ရွက် သွားရန်လိုအပ်သည်။  ယင်းကဲ့သို့ လေးနက်၍အနှစ်သာရရှိသော နစ်ဘက်နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများ မှတဆင့်  တိုင်းရင်းသားများအား လုံးပါဝင်သော ပြည်လုံးကျွတ် ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများပေါ်ပေါက်လာရန် ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကေအန်ယူသည် ကရင်တိုင်းရင်းသားတို့ ၏ သမိုင်းဝင်သောနိုင်ငံရေးအဖွဲ့  အစည်းကြီးတရပ်အဖြစ် ဆယ်စုနှစ်များစွာတောက်လျှောက် မားမားမတ်မတ်ရပ်တည်လာနိုင်ခဲ့သောကြောင့်  ၎င်းအနေနှင့် အားနည်းချက်များရှိနေလင့်ကစား  ယနေ့ ထက်တိုင် ပြည်တွင်းပြည်ပ၊ မြို့ နေတောနေ၊ လူကြီးလူငယ်၊ ပညာတတ်အခြေခံလူထုမရွေး  အလွှာအသီးသီးမှ ကရင်လူထုအများ၏ နိုင်ငံရေးအတွက်အားထားရာမဏ္ဍိုင်ကြီး တရပ်အနေအဖြစ် အတိုင်းအတာအခုအထိထောက်ခံမှုကိုရနေ ဆဲဖြစ်သည်။  ဤသည်မှာ မိမိတို့ ကရင်အမျိုးသားများအတွက် တန်ဖိုးမဖြတ်နိုင်သော အတွင်းအင်အားတရပ် (internal strength or strength within) သို့ မဟုတ် နိုင်ငံရေးအရင်းအမြစ် (political capital) အဖြစ်  ကေအန်ယူအနေနှင့် မပျက်မကွက်အသိအမှတ်ပြုသည်သာမက လေးလေးနက်နက်တန်ဖိုးထားရန်အရေးကြီးသည်။  အကယ်၍သာ အစိုးရအာဏာပိုင်အဖွဲ့ အစည်းများမှ ကန့် သတ်မှုများကို (ဥပမာ ၁၇/၁) ရုတ်သိမ်းပေးခဲ့ပါလျှင်  ကေအန်ယူအနေနှင့် ကရင်လူထုကြား နိုင်ငံရေးနီးကြားမှုများကို  ဤမျှမက ကျယ်ကျယ် ပြန့်ပြန့်  ဆောင်ရွက်နိုင်ချေပင် ရှိနိုင်ပေးဦးမည်။  ယခုကဲ့သို့ မိမိလက်ဝယ်ရှိနေဆဲဖြစ်သော ကရင်လူထု၏အားထားထောက်ခံမှုကို ဆက်လက်ထိန်းထားနိုင်ရေးနှင့် ယုံကြည်မှုများတိုးမြင့်ရရှိနိုင်ရေးအတွက်  ကေအန်ယူအနေနှင့် ကရင်လူထုနှင့် တိုင်းသူပြည်သားအားလုံး၏ အကျိုးကို ရှေ့ ရှု၍  မိမိ၏နိုင်ငံရေးရေချိန်၊ ဦးဆောင်မှုနှင့်  စွမ်းဆောင်ရည်များကို  အရှိန်အဟုန်မြင့်ရန် အရေးတကြီးလိုအပ်နေသည်။  အလားတူ ၂၁ ရာစုတွင် ဖြစ်ပေါ်တိုးတက်လာသော ပြည်တွင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာနှင့် လိုက်လျောညီထွေမှုရှိရန်  မိမိအဖွဲ့ အစည်းအတွင်း ဖွဲ့ စည်းပုံ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍  ပြုပြင်ပြောင်းလဲသင့်သည်များကိုလည်း  ပြုပြင်ပြောင်းလဲရန် အလေးအနက်ထား စဉ်းစားဆောင်ရွက်ရန်လိုအပ်သည်။

လက်ငင်းလုပ်ဆောင်ရန်လိုအပ်သောအရေးကြီးသည့်အချက်မှာ မိမိနှင့်မိမိပြည်သူလူထုအကြား အပြန်အလှန်နားလည်မှုနှင့် အချိန်အဆက်မိရန်ဖြစ်သည်။  ကေအန်ယူအနေနှင့်  မိမိ၏ နိုင်ငံရေးရပ်တည်ချက်နှင့်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်တွင်း၊ နယ်စပ်နှင့် ပြည်ပမှ ကရင်ပြည်သူလူထုအားလုံးကို မဖြစ်ဖြစ်သည့် ထိရောက်သည့်နည်းလမ်းအမျိုးမျိုးဖြင့် ကျယ်ကျယ်ပြန့် ပြန့် ဆက်သွယ်ခြင်း၊ အသိပေးခြင်း (mass public education/communications/ relations) တို့ ကိုလုပ်ဆောင်ရန်လိုအပ်သည်။   အထူးသဖြင့် ခက်ခဲကြမ်းတမ်းလှသောဆယ်စုနှစ်များအတွင်း  မိမိအပေါ် ယုံကြည်၍  အေးအတူပူအမျှထောက်ခံအားပေးလာ

ခဲ့ကြသော ပြည်သူနှင့်လူထုအခြေပြုအဖွဲ့ အစည်းများကို  မိမိချမှတ်ကိုင်စွဲ ကျင့်သုံးသောမူဝါဒများနှင့် လုပ်ဆောင်ချက်များ နှင့်ပတ်သက်၍  ပွင့်လင်းမြင်သာစွာရှင်းလင်း အသိပေးခြင်း၊  တိုင်ပင်ခြင်းများ ပြုလုပ်ရန်အရေးကြီးသည်။  ကေအန်ယူအနေနှင့် မိမိ၏ရပ်တည်ကြိုးပမ်းမှုများသည်လည်း ပြည်သူလူထု အကျိုးစီးပွားကို ဗဟိုပြုသော၊ ဘာသာရေးမခွဲခြားသော၊ ကျားမမခွဲခြားသော လုပ်ဆောင်မှုမျိုးများဖြစ်စေရမည်။ ကေအန်ယူကဲ့သို့  ကရင်အမျိုးသားထုတရပ်လုံး၏  ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးဆိုင်ရာ နိုင်ငံရေးမျှော်မှန်းချက်ကို ဆွတ်ခူးနိုင်ရန်  ကိုယ်စားပြုသည့် အလံကိုင်အဖွဲ့ ကြီးတရပ်အနေနှင့်  ၎င်းကဦးဆောင်သည့် နိုင်ငံရေးဖြစ်စဉ်တွင် အလွှာအသီးသီးမှ ကရင်တိုင်းရင်းသားများ အားတက်သရောနှင့် တက်တက်ကြွကြွပါလာကြရန်လိုအပ်သည်။ ထိုမျှမက  ကေအန်ယူအနေနှင့် လွန်ခဲ့သည့်နှစ် ၂၀ အတွင်း ဖြတ်သန်းခဲ့ရသော နိုင်ငံရေးစိန်ခေါ် ချက်များကြောင့် မိမိနှင့်ကွဲသွားခဲ့ရသော  အခြားညီအစ်ကိုကရင်လက်နက်ကိုင်အဖွဲ့ များအပါအင်၊  မျက်မောက်ခေတ်ပြောင်း လဲလာသောနိုင်ငံရေးအခင်းအကျင်းအတွင်  နိုင်ငံရေးတက်ကြွနိုးကြားလာကြသော  ကရင်နိုင်ငံရေးပါတီများ၊ ကရင်ဘာသာရေး အဖွဲ့ အစည်းများနှင့် ကရင်လူထုအခြေပြုအဖွဲ့ အစည်းများနှင့် အပြန်အလှန်နားလည် မှုရယူရန်အရေးကြီးသည်။ အလားတူ မိမိပြည်သူလူထုအကျိုးအတွက်  ပြင်ပနိုင်ငံများ၊ အစိုးရများ၊ အဖွဲ့ အစည်း များနှင့်  ထိထိ ရောက်ရောက် ထိတွေ့ ဆက်ဆံနိုင်သည့်  စွမ်းရည်ကိုပါ မြင့်တင်ရန်လိုအပ်သည်။

ကျွန်ုပ်တို့ အားလုံးအနေနှင့်  ကျွန်ုပ်တို့ ၏ အဆုံးနိုင်ရေးမျှော်မှန်းချက်ကို ကျရာဂဏ္ဍအသီးသီးမှ ဝိုင်းဝန်း ကြိုးပမ်းဆောင်ကျဉ်းကြရာတွင်  အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ဆောင်ရွက် ရမည် ဖြစ်သကဲ့ သို့   တဆင့်ပြီး တဆင့် အဆင့်ဆင့်လုပ်ဆောင်သွား ရမည်လည်းဖြစ်သည်။  မလွဲမသွေရင်ဆိုင်ရစမြဲဖြစ်သော သဘောထားမတိုက်ဆိုင်မှုများကိုလည်း    အပြန်အလှန်ညှိ နှိုင်းဆွေးနွေး အလျှော့အတင်းလုပ်၍  အဖြေရှာရန် အရေးကြီးသည်။  ထိုသို့ လုပ်ဆောင်ရာတွင်  မိမိတို့ အနေ နှင့်   လတ်တလောလိုအပ်ချက်များ၊ ရေတိုရည်မှန်း ချက်များကိုဖြည့်ဆည်းရန်ကြိုးပမ်းရင်း   ကျွန်ုပ်တို့ အားလုံး ရေရှည်အဆုံးမျှော်မှန်းထားသော မြန်မာနိုင်ငံတွင်း တိုင်းရင်းသားအားလုံး  မိမိကံကြမ္မာမိမိဖန်တီးနိုင်ရေး သို့ မဟုတ် ကိုယ်ပိုင်ပြဌာန်းနိုင်ရေးပန်းတိုင်ကို (self-determination or self-management)  အမှုမဲ့အမှတ်မဲ့ စတေးရာရောက်သည့်အဖြစ်၊ ဟန့် တာစေသောအဖြစ်သို့ မရောက်မိသွားစေရန်  အထူးသတိပြုကြရန်အရေးကြီးသည်။  အလားတူ မိမိတို့ အနေနှင့် အသွင်အမျိုးမျိုး ဂဏ္ဍအသီးသီး မိမိအားသန်ရာနေရာမှ  လုပ်ဆောင်ချက်တိုင်းနှင့် ဆင့်ပွားရည်းမှန်းချက်တိုင်းသည်လည်း ရေရှည်အဆုံးရည်မှန်းချက်ကို တနည်းမဟုတ်တနည်း မဟာဗျူဟာကျကျ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ကျားကန်ပေးခြင်း၊ ပံ့ပိုးပေးခြင်းမျိုးဖြစ်ရန်အရေးကြီးသည်။

အနစ်အားဖြင့်ဆိုသော်  မြန်မာပြည်တွင်းတိုင်းရင်းသားအားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သော အခွန့် ရှည် ခိုင်ခံ့သည့် တတိုင်းပြည်လုံးငြိမ်းချမ်းရေးနှင့် တိုးတက်သာယာဝပြောရေးကို တည်ဆောက် နိုင်ရေးအတွက် တိုင်းရင်းသားအဖွဲ့ များအားလုံးပါဝင်သည့် သဘောတူညီမှုများရရှိအောင် တဆင့်ပြီးတဆင့် အပြန်အလှန် ညှိနှိုင်းလုပ် ဆောင်ရမည်ဖြစ်သည်။  ဤကဲ့သို့ လုပ်ဆောင်ရာတွင် အစိုးရကိုယ်စားလှယ်များနှင့်  တိုင်းရင်းသား အဖွဲ့ အစည်းများအကြား  လက်ရေတပြင်တည်း (level playing field or equal partners) အနေအထား

တွင်ရှိရန်အရေးကြီးသည်။ ထိုသို့ အဆင့်ဆင့်လုပ်ဆောင်ရာတွင် ယေဘုယျအားဖြင့် အောက်ပါ ကာလအပိုင်းအခြားများဖြင့် ဆောင်ရွက်သင့်ပေသည်။

**ပထမအဆင့်**

နစ်ဘက်အပစ်အခပ်ရပ်စဲမှုပိုမိုခိုင်မာကျစ်လစ်ရန် ဆက်လက်ညှိနှိုင်းဆွေးနွေးရဦးမည်ဖြစ်သကဲ့သို့၊ ယင်းဆွေးနွေးမှုများမှသည် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နိုင်သည်အထိ မဖြစ်မနေ ကြိုးပမ်းသွားရန်လိုအပ်သည်။ ထိုမှတဆင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များအားလုံးပါဝင်သော တတိုင်းပြည်လုံး အတိုင်းအတာနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးလမ်းကျောင်း/ဘောင်တရပ် (political framework) ပေါ်ပေါက်လာစေရန် ဆက်လက်ဆွေးနွေး ကြရမည်ဖြစ်သည်။ ပထမအဆင့်တွင် အောက်ပါအချက်အလက်များပါဝင်ရန်အရေးကြီးသည်။

- နှစ်ဘက်သဘောတူထားသော နစ်ဘက်တပ်များလိုက်နာရမည့် အပစ်အခပ်ရပ်စဲရေး ဆိုင်ရာကျင့်ဝတ်များကို (code of conduct) လက်တွေ့ မှာ အမှန်တကယ်လိုက်နာဆောင်ရွက်စေရန်၊ တနည်းအားဖြင့် enforce လုပ်ရန်။
- ကရင်ပြည်နယ်တွင်း အရပ်သားကျေးရွာများအနီး အကြောင်းမဲ့ အမြောက်အမြားတပ်စွဲထားသော အစိုးရစစ်တပ်များကို ရွှေ့ ပြောင်းပေးရန်။
- ဒေသခံပြည်သူများနှင့် ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်းများကို လွတ်လပ်စွာကျင်းပနိုင်သော စစ်မဲ့နယ်မြေ (non-militarized) သတ်မှတ်ရန်။ ထိုနယ်မြေတွင် ကေအန်ယူနှင့်အစိုးရနစ်ဘက်လုံးမှ တပ်များ လှုပ်ရှားသွားလာခွင့်မရှိစေရန်။
- အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကနဦးသဘောတူညီမှုကို အကြောင်းပြု၍ (အခွင့်ကောင်းယူ၍) မည့်သည့်တပ်ဖွဲ့ မှ တဘက်ပေါ် တဘက် နိုင်ငံရေးအရသော်လည်းကောင်း စစ်ရေးအရသော်လည်း ကောင်း စီးပွားရေးအရသော်လည်း အားပြိုင်လိုသည့် စိတ်ဓာတ်/အပြုအမူအားဖြင့် အသာစီးရန်ကြိုးပမ်းခြင်းကို ရှောင်ရှားရန်။
- ပြည်တွင်းစစ်ဘေးဒဏ်သင့်ဒေသများတွင် ရေတို/ရေရှည်လိုအပ်နေသော လူသားချင်းစာနာ ထောက်ထား မှုဆိုင်ရာကိစ္စများ၊ ပြန်လည်ထူထောင်ရေးကိစ္စများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီးပွားရေးများ၊ ဒုက္ခသည်များအရေးများ ဖြည့်ဆည်းဆောင်ရွက်ရေးတွင် အစိုးရအနေနှင့် ကေအန်ယူအပါအဝင် သက်ဆိုင်ရာဒေသခံ လူထုအခြေပြုအဖွဲ့ အစည်းများနှင့် အစကတည်းက အဆင့်တိုင်းတွင် ရှင်းရှင်းလင်းလင်းကြိုတင်အသိပေးပြီးမှသာလျှင် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်အကောင်အထည် ဖော်ရန်အရေးကြီးသည်။ ယခုလက်ရှိအနေနေအထားအရ အထက်ပါကိစ္စများကို ဆောင်ရွက်ရာတွင် အစိုးရနှင့် အစိုးရနှင့်ပတ်သက်သော အဖွဲ့ အစည်းများအနေနှင့် စစ်ဘေးဒဏ်သင့်ဒေသများတွင် နစ်ရှည်လများ ဒုပေဒဏ်ပေခံကူညီ စောင့်ရှောက်လာခဲ့ကြသော ဒေသခံလူထု အခြေပြု

အဖွဲ့ အစည်းများနှင့် ညှိနှိုင်းတိုင်ပင်မှုမရှိပဲ အထက်မှထိန်းချုပ်သည့် (top down approach)၊ ဆောင်ရွက်မှုများမှာ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန်အတွက် အထောက်အကူ မဖြစ်သည်သာမကဘ မိမိကိုယ်ပိုင်ပြဌာန်းခွင့်ဟူ သော တိုင်းရင်းသားများ၏ အဆုံးနိုင်ငံရေးရည်မှန်း ချက်ကို တည့်တည့်စင်စင် ဆန့် ကျင်နေရာ ရောက်ပေသည်။

**ဒုတိယအဆင့်**

ဤအဆင့်တွင် ပထမအဆင့် မှချမှတ်ထားသော နိုင်ငံရေးဘောင်အတိုင်း ၂၀၀၈ ခုနှစ်ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်မှုများပြုလုပ်ရန်ဖြစ်သည်။

- ဖွဲ့ စည်းအုပ်ချုပ်ပုံပြင်ဆင်ရေးနှင့်ပတ်သက်၍ အစိုးရနှင့် သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးကာ ကရင်ပြည်နယ်နှင့်ကရင်ပြည်သူလူထုတို့ နှင့် စပ်ဆိုင်သော စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြဿနာများကို အကြိတ်အနယ်ကျေကျေလည်လည်ဆွေးနွေးပြီး တိုင်းပြည်နှင့်ပြည်သူအတွက် အကျိုးရှိနိုင်ချေအများ ဆုံးဆုံးမူဝါဒများ (public policy) များကို ရေးဆွဲတင်ပြကြရန်။
- အခြားသောတိုင်းရင်းသားလူမျိုးစုများနှင့်လည်း သူသူကိုယ်ကိုယ်ရင်ဆိုင်နေရသော အခွင့်အရေးနှင့် စိန်ခေါ်ချက်များကို အပြန်အလှန်နီးနှောဖလှယ်၍ အနီးကပ်ခေါင်းချင်းဆိုင်ကာ အပြန်အလှန် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကြရန်။ မိမိပြည်နယ်ဒေသအခြေအနေအလိုက် အချို့ သောကိစ္စများ မှာ မိမိနှင့် မိမိနှင့်သက်ဆိုင်သော အဖွဲ့ အစည်းများအတွင်းသာ လုပ်ဆောင်လျင်ပိုထိရောက်သလို၊ တချို့ ကိစ္စများမှာ ပူးပေါင်းဆောင်ရွက်လျှင်ပိုမိုထိရောက်သည်ဖြစ်၍ ၎င်းကိစ္စများကို ဖော်ထုတ်ကာ ပူးပေါင်းဆောင်ရွက်ကြရန်။
- ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင် ပါဝင်ရမည့်အချက်အလက်များနှင့် ပြင်ဆင်ရမည့် အတိုင်းအတာအကျယ်အဝန်းသည် ကေအန်ယူတဖွဲ့ တည်းသာမက လက်နက်ကိုင်တိုင်းရင်းသား လူမျိုးစုအားလုံးနှင့် အစိုးရ အကြားတွင်ပါ လက်ခံသဘောတူနိုင်သည့်အနေအထားရှိရန်။

**တတိယအဆင့်**

ဤအဆင့်တွင် ပြင်ဆင်ထားသည့်ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကချမှတ်ထားသည့်အတိုင်း ကရင်ပြည်နယ်ကို နိုင်ငံရေးအရအုပ်ချုပ်စီမံခန့် ခွဲရေး ယန္တရားများပြန်လည်ဖွဲ့ စည်းမှုများစတင်ရန်ဖြစ်သည်။

- ဤကာလအတွင်း ကရင်ပြည်နယ်အုပ်ချုပ်စီမံခန့် ခွဲရေးအတွက် ယာယီကရင်ပြည်နယ်အစိုးရ တရပ်ကို (An Interim Karen State Administration) ဖွဲ့ စည်းရန်နှင့်၊ ကေအန်ယူအနေနှင့်လည်း အခန်းဂဏ္ဍတရပ်မှပါဝင်ရန်။

- ယာယီကရင်ပြည်နယ်အစိုးရကို ပြင်ဆင်ထားသောဖွဲ့စည်းအုပ်ချုပ်ပုံရ ကျင်းပသော ရွေးကောက်ပွဲအသစ်များကျင်းပပြီး၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များဖွဲ့စည်းပြီးသည့်အချိန်အထိ အသက်ဝင်စေရန်။
- ဤကဲ့သို့ ပြည်နယ်အစိုးရပြင်ဆင်ဖွဲ့စည်းမှုကိစ္စများကို တိုင်းရင်းသားလက်နက်ကိုင်တပ်များ တပ်စွဲထားသော မြန်မာနိုင်ငံတဝန်းက ပြည်နယ် (ဥပမာ ကရင်၊ ကချင်၊ မွန်၊ ကယား စသဖြင့်) နှင့် တိုင်းဒေသကြီး (ဥပမာ ပဲခူး၊ တနင်္သာရီ) အသီးသီးမှ ဒေသခံအခြေအနေနှင့် ပြည်သူလူထု၏ ဆန္ဒသဘောထားများနှင့် လျော်ညီစွာ ဆောက်ရွက်ရန်။

ယခုလက်ရှိကာလအနေအထားမှာ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များ စစ်ရေးအရ ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်မှုရှိခဲ့သည့် အခြေအနေများမှ အပစ်အခတ် ရပ်စဲရေးယူ၍ အပြန်အလှန်ယုံကြည်မှု တည်ဆောက်နေသည့် **ပထမအဆင့်** ကာလဟု ဆိုရမည်ဖြစ်သည်။ ဤတွင်ပင် အချို့ဒေများတွင် စစ်ရေးအခြေအနေမှာ တင်းမာနေဆဲဖြစ်သည် (ဥပမာ ကချင်၊ ရှမ်းပြည်နယ်)။ အပြန်အလှန် ယုံကြည်မှုတိုးမြင့်တည် ဆောက်ရာတွင် အရေးကြီးသည့် သော့ချက်များနှင့်ပတ်သက်၍ ကရင်ပြည်နယ်၏ အခြေအနေကို အောက်ပါအတိုင်းတင်ပြရပေမည်။

- ကရင်ပြည်နယ်ဆိုင်ရာ နိုင်ငံရေး၊ လူမှုရေး၊ ရင်းနှီးမြှုပ်နှံ/စီးပွားရေးနှင့် ကာကွယ်ရေး ကြိုးပမ်းမှု အဆင့်တိုင်းတွင် အစိုးရအနေနှင့် ကေအန်ယူ၊ ဒေသခံလူထုအခြေပြုအဖွဲ့ အစည်းများကို လျော်ကန်စွာ ကြိုတင်အသိပေးပြီး လက်ရေတပြင်တည်း တိုင်တိုင်ပင်ပင် ဆွေးနွေးလုပ်ဆောင်ရန်အရေး ကြီးသကဲ့သို့၊ ကရင်လူထုကို နိုင်ငံရေးအရကိုယ်စားပြုရပ်တည်သော ကေအန်ယူအနေနှင့်လည်း မိမိလူထုကို အဆင့်တိုင်းတွင် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာစွာ တိုင်ပင်ရန် အရေးကြီးသည်။
- ထိုသို့ ဆောင်ရွက်ရာတွင်လည်း ဖြတ်လမ်းနည်းထက် ပြည်နယ်နှင့် တတိုင်းပြည်လုံးအတိုင်း အတာအတွက် ရေရှည်အကျိုးရှိမည့် စီးပွားရေးလူမှုရေး၊ နိုင်ငံရေးဆိုင်ရာ မူဝါဒ၊ စည်းမျဉ်းနှင့် နည်းဥပဒေများ (public policy, rules and regulations) များပေါ်ပေါက်လာရေးအတွက်လည်း ဖောင်းပေးဆောင်ရွက်ရန် အရေးကြီးသည်။
- ဤကဲ့သို့ ကြီးလေးလှသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် တဦးတတယောက်တည်း တဖွဲ့တည်း၏ ဉာဏ်ရည်အစွမ်းအစဖြင့် ထမြောက်အောင်မြင်နိုင်လိမ့်မည်မဟုတ်။ ကေအန်ယူအနေနှင့် မိမိနှင့် မိမိကရင်လူထုကြားမှာရှိသော IT (information technology)၊ ဥပဒေ၊ ဘူမိပေဒ၊ စီးပွားရေး/ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာဆက်ဆံရေး၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု (natural resource management)၊ မြို့ပြစီမံခန့်ခွဲရေး (urban planning)၊ ကျေးလက်ဖွံ့ဖြိုးရေးစသဖြင့် စီးပွားရေး၊ အဆက်အသွယ်၊ နည်းပညာဆိုင်ရာ တတ်သိပညာရှင်များ၊ အရင်းအမြစ်များကို ရှာဖွေဆက်သွယ် (reach out)ရန်။ ထို့အပြင် ကရင်ဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့်ရင်းနှီးကျွမ်းဝင်သည်သာမက ခက်ခဲသောကာလတောက်လျှောက်လုံး စစ်ဒဏ်သင့်ကရင်ဒေသများက ပြည်သူများ၏လူမှုရေး

ကယ်ဆယ်ရေးဆိုင်ရာလိုအပ်ချက်များကို ကိုယ်ထူကိုယ်ထ တစိုက်မတ်မတ် ကြိုးပမ်းဖြည့်ဆည်းလာခဲ့ကြသော ကရင်လူထု အခြေပြု အဖွဲ့ အစည်းများကို စုစည်း၍ လက်တွဲပူးပေါင်းဆောင်ရွက်ရန်အရေးကြီးသည်။

- အကူးအပြောင်းကာလ ကရင်ပြည်နယ်တွင်း ကောက်ခံရရှိသော အခွန်ငွေဘဏ္ဍာများကို မည်ကဲ့သို့ စနစ်တကျခွဲဝေကောက်ခံရမည်ကို အစိုးရနှင့်ကေအန်ယူအကြား မဖြစ်မနေပွင့်လင်းမြင်သာစွာဆွေးနွေးရမည်။ ဤသို့ ဆွေးနွေးရာတွင်လည်း နှစ်ဘက်မှ တချို့ သော လူပုဂ္ဂိုလ် သို့ မဟုတ် ခေါင်းဆောင်အချင်းချင်းကြားတွင်သာ မဖြစ်စေရန်အရေးကြီးသည်။ သို့ မှသာလျှင် ကေအန်ယူအနေနှင့် မိမိ၏လုပ်ငန်းဆောင်တာများ ဆက်လက်ပုံမှန်လည်ပတ်နိုင်ရန်လိုအပ်သောဘဏ္ဍာများကို ပွင့်လင်းမြင်သာ စွာကောက်ခံအသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်သူများအမြင်ရှင်းမှုကိုလည်းရမည်ဖြစ်သည်။ ထို့ အပြင် ကရင်ပြည်နယ်တွင်း အထူးသဖြင့် ကေအန်ယူထိန်းချုပ်နယ်မြေတွင်းနှင့် အနီးအနားတွင် နေထိုင်ကြ သော ပြည်သူလူထုများအပေါ် နှစ်ဘက်စလုံး၏ တပ်များထံမှ အခွန်ကောက်ခံခြင်း၊ အတင်းအကျပ်အခွန် ငွေကောက်ခံခြင်းတို့ ကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အကယ်၍ ဤကဲ့သို့ အခွန်ဘဏ္ဍာခွဲဝေရေးကိစ္စများကို တရားဝင်စနစ်တကျညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများမရှိလျှင် ကေအန်ယူ တပ်မဟာများအနေနှင့် မိမိ၏နိုင်ငံရေးနှင့်လူမှုရေးတာဝန်များဆောင်ရွက်ရန် မိမိနယ်မြေဒေသအလိုက် သက်ဆိုင်ရာမြန်မာအစိုးရအာဏာပိုင်များထံမှ မော်တော်ကားတင်သွင်းခွင့်ပါမစ်၊ ကုန်သွယ်ခွင့်ပါမစ်၊ မိုင်းတူးခွင့်ပါမစ်သဖြင့် အဆင်ပြေရာပြေကြောင်း အလျဉ်းသင့်သလိုတောင်းခံရသည့်အဖြစ်သို့ ဆိုက်ရောက်နေပေလိမ့်မည်။ ယခင်အတွေ့ အကြုံများအရ ဤနည်းဖြင့်လုပ်ဆောင်မှုမျိုးသည် ရေရှည်ငြိမ်းချမ်း ရေး (peace building) နှင့် ခေတ်မီဖွံ့ ဖြိုးသော ပြည်ထောင်စုတည်ဆောက်ရေး (nation building) အတွက် စံနမူနာထားလုပ်ဆောင်ထိုက်သော နည်းလမ်းများမဟုတ်ပေ။

ဆက်လက်၍ **ဒုတိယနှင့် တတိယအဆင့်** သို့ ခြေလှမ်းကြရာတွင် ခက်ခဲနက်နဲပြီး တတိုင်းပြည်လုံးအတွက် ရှည်ငြိမ်းချမ်းသာယာတိုးတက်ရေးအတွက် အခရာကျသော ကိစ္စများဖြစ်သည့် ၂၀၀၈ ခုနှစ်ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ ကရင်ပြည်နယ်အနာဂတ် နိုင်ငံရေးနှင့် အုပ်ချုပ်ရေး စီမံခန့် ခွဲမှုယန္တရားကို ပြင်ဆင်ဖွဲ့ စည်းခြင်း၊ ကရင်ပြည်နယ်တွင်း အကြောင်းအမျိုးမျိုးကြောင့် အဖွဲ့ ဖွဲ့ ကွဲသွားခဲ့ သော ကရင်လက်နက်ကိုင်တပ်ဖွဲ့ များအားလုံးကို တစုတစည်းတည်းပြန်လည်ဖွဲ့ စည်းနိုင်ရေး၊ ငြိမ်းချမ်းသောကာလတွင် ကရင်အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့ များအနေနှင့် ကရင်ပြည်နယ်အမျိုးသား လုံခြုံရေးတပ် (Karen National Guard) သို့ တည်းမဟုတ် မည်သည့်အသွင်သဏ္ဍာန်မျိုးနှင့် သိက္ခာရှိရှိဆက်လက်ရပ်တည်သင့်သည်တို့ ကို သက်ဆိုင်သောအဖွဲ့ များအားလုံးအကြား (all stakeholders) အကြိတ်အနယ် ကျေကျေလည်လည် ဆွေးနွေးအဖြေထုတ်ကြရန်လိုအပ်သည်။

အချုပ်ဆိုရလျှင် အထက်ပါတင်ပြဆွေးနွေးချက်များမှာ ကေအန်ယူနှင့် အစိုးရတို့ကြား ညှိနှိုင်းဆွေးနွေးမှုများမှတဆင့် အနှစ်သာရရှိသောနိုင်ငံရေးလမ်းကျောင်း/ဘောင်တရပ် (political framework) ပေါ်ပေါက်လာရေးအတွက် မည်သို့မည်ပုံ အခြေခံစံချိန်စံနှုန်းများ၊ လက်တွေ့မူဝါဒများချမှတ်သင့်သည်ကို ယနေ့တက်ရောက်လာကြသော ကရင်တိုင်းရင်းသားမောင်နှစ်မများနှင့် ပွင့်ပွင့်လင်းလင်းရင်းရင်း နှီးနှီး တိုင်ပင်ခြင်းသာဖြစ်သည်။ ထို့မှတဆင့် အားလုံးတင်ပြသောသဘောထားများကိုမျှမျှတတ ထည့်သွင်းစဉ်းစား၍ အများလက်ခံနိုင်သည့် လက်တွေ့ကျသည့်သဘောတူညီတရပ် ရရှိရန် အတွက်လည်း မျှော်မှန်းသည်။ ဤကဲ့သို့ ကရင်တိုင်းရင်းသားအချင်းချင်းအကြား သဘာတူညီမှုတရပ်ရရှိရန်အတွက် ကျွန်ုပ်တို့အနေနှင့် ယခုတကြိမ်တည်းသာမက အနာဂတ်တွင်လည်း ဆက်လက်တွေ့ဆုံနှီးနှောဖလှယ်ကြရဦးမည်ဖြစ်သည်။ သဘာထားမတိုက်ဆိုင်မှုများလည်း မလွဲမသွေကြုံတွေ့ကြရမည်၊ ဤသို့ကြုံလာလျှင် လူ့သဘာဝအရ ဖြစ်လာလေ့ရှိသော ဒေါသများ၊ ပုဂ္ဂိုလ်စွဲအာဂါဒများကိုရှောင်းရှား၍ အပြန်အလှန်လေးစားမှု၊ ဘုံရည်မှန်းချက်များကိုသာရှေးရှုကာ မလိုလားအပ်သော အတားအဆီးများကို ကျော်လွှားသွား ရန်အရေးကြီးသည်။ ကျွန်ုပ်တို့ကရင်တိုင်းရင်းသားများအတွင်း ကျယ်ကျယ် ပြန့်ပြန့် လက်ခံနိုင်သည့် သဘောတူညီမှုမှတဆင့် အခြား တိုင်းရင်းသား လူမျိုးစုများအား လုံးပါဝင်သော လူမျိုးပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးတရပ် ပေါ်ပေါက်လာရန်ဖြစ်သည်။ ထိုကဲ့သို ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးမှသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပြည်သူလူထုအားလုံး ရေရှည်စံစားနိုင်သော ငြိမ်းချမ်းရေးနှင့် သာယာဝပြောတိုးတက်ရေးကို ကျားကန်၊ အခွန့်ရှည်စေမည့် နိုင်ငံရေး လမ်းကျောင်း၊ နိုင်ငံရေးစနစ်နှင့် မူဝါဒများ ပေါ်ထွန်းလာရေးအတွက် အစိုးရနှင့်တကွ တိုင်းရင်းသားအားလုံး လက်ရေတပြင်တည်းနှင့် သဘောထားမှန်ကန်စွာ အပြန်အလှန် အလျှော့အတင်းလုပ်၊ ညှိနှိုင်းတိုင်ပင်ဆွေးနွေး ခြင်းမှတပါ အခြားနည်းဖြင့် အားလုံးအတွက်အကျိုးရှိမည့် အဖြေကောင်း ရနိုင်လိမ့်မည် မဟုတ်ကြောင်း နိဂုံးချုပ်အပ်ပါသည်။

**Saw Kapi is the Director of Salween Institute (www.salweeninstitute.org), a semi-policy-think-tank and training institute, working to empower communities and impact public policy change in Burma/Myanmar. Born in Lerdoh and raised in Toungoo, Saw Kapi earned his B.A. in international relations from San Francisco State University and an M.A. in development economics from Williams College, Massachusetts.*

**Disclaimer**: The views expressed in this presentation are of the author – with initial comments provided by Saw Greh Moo, Saw Larkabaw and Naw Show Ei Ei Tun – only and do not necessarily represent the policy or endorsement of Salween Institute.